# အခြေချနေထိုင်ရေးအတွက်ကူညီပံ့ပိုးပေးခြင်းအစီအစဉ်

ဒုက္ခသည်များအတွက်ကူညီပေးနေသည့်လုပ်ငန်းဌာနချုပ်သည်RHQပံ့ပိုးပေးရေးစင်တာမှတဆင့်ကွန်ဖေးရှင်းဒုက္ခသည်၊တတိယနိုင်ငံသို့အခြေချနေထိုင်မည့်ဒုက္ခသည်များနှင့်ဖြည့်စွက်ကူညီပံ့ပိုးပေးရန်အကျုံးဝင်သူများအတွက်အခြေချနေထိုင်မှုအတွက်အထောက်အကူပြုသင်တန်း အား စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဒုက္ခသည်များနှင့်အတူထိုမိသားစုများမှ ဂျပန်နိုင်ငံလူ့ဘောင်တွင်မိမိကိုယ်တိုင်ရပ်တည်နေထိုင်နိုင်ခြင်းပြုလုပ်နိုင်ရန်အတွက် ① နေထိုင်မှု အတွက်လိုအပ်သောနေ့စဉ်သုံး ဂျပန်ဘာသာစကားအား ပြောဆိုအသုံးပြုနိုင်ရန်အတွက် ဂျပန်ဘာသာအားသင်ကြားပေးခြင်း၊ ②ဂျပန်၏လူ့ဘောင်လောကအတွက် လူမှုဖူလုံရေးစနစ် နှင့် နေထိုင်မှုဓလေ့ထုံးစံ ၊ယဉ်ကျေးမှု ၊ကျန်းမာသန့်ရှင်းမှု အစရှိသော နေထိုင်မှုအတွက်လမ်းညွှန်သင်ကြားပေးမှုများ③အလုပ်ရှာဖွေပေးခြင်းနှင့်အလုပ်လုပ်ရန်အတွက်လုပ်ငန်းခွင်အထောက်အကူပြုသင်ကြားပေးမည့် နေရာများအား ရှာဖွေ မိတ်ဆက်ပေးသည် ။

ကွန်ဖေးရှင်းဒုက္ခသည်များနှင့်ဖြည့်စွက်ကူညီစောင့်ရှောက်ပေးရန်အကျုံးဝင်သူများအတွက်သင်ပေးသည့်သင်တန်းအစီအစဉ်တွင်မိမိ၏နေအိမ်မှအိုင်ပတ်PCအားအသုံးပြုပြီးအွန်လိုင်းမှတဆင့်သင်ပေးသော(အဖွဲ့လိုက်အုပ်စုလိုက်)ဖြင့်သင်ပေးသည့်အခါလည်းရှိတတ်သည် ။

အခြေချနေထိုင်မှုအထောက်အကူပြုသင်တန်းအားနှစ်စဉ်နှစ်တိုင်းဧပြီနှင့်အောက်တိုဘာလများတွင်ဖွင့်လှစ်ပြီးသင်တန်းမစခင်သုံးလအလိုတွင် မည်သို့ဆက်သွယ် လျှောက်လွှာဖောင်တင်ရမည့် အကြောင်းအရာနှင့်ပါတ်သက်ပြီး ဤ ဝက်ဘက်ဆိုဒ်တွင်ဖော်ပြထားမည်ဖြစ်ပါသည်။

# ဂျပန်ဘာသာသင်ကြားပို့ချခြင်းနှင့်နေထိုင်မှုအတွက်လမ်းညွှန်

①ဂျပန်ဘာသာသင်ကြားပေးမှုပညာရပ်တွင်နေထိုင်မှုအတွက်အခြေခံမဖြစ်မနေလိုအပ်သောဂျပန်ဘာသာအရည်အချင်းတတ်မြောက်ရန်အတွက်ရည်ရွယ်သင်ကြားပေးသည်။နေ့စဉ်နေထိုင်မှုအတွက်တိုက်ရိုက်ဆက်နွယ်မှုရှိသောအကြောင်းအရာအားစာတွေ့ဖြင့်သာမကလက်တွေ့ထပ်မံဖြည့်စွက်ပြီးအတွေ့အကြုံနှင့်တပါတည်းအလေးပေးထားသောသင်ရိုးတမ်းအားပြုစုထားသည်။

②နေထိုင်မှုအတွက်လမ်းညွှန်သင်ခန်းစာတွင်ဂျပန်၏နေထိုင်မှုအတွက်အရေးပါသောအသိပညာနှင့်စနစ်အားသင်ယူစေပါမည်။

ဥပမာအားဖြင့်သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့်တိမ်းရှောင်ရန်အတွက်အသိပညာပေးများ၊အမှိုက်ခွဲခြားခြင်းနှင့်အမှိုက်စည်းကမ်းများ၊ဥပဒေအားလေးစားလိုက်နာခြင်းဆိုင်ရာသင်ခန်းစာ၊လူမှုဖူလုံရေးစနစ်၊အခွန်အကြောင်းအရာနှင့်ကျန်းမာရေးဆိုင်ရာအသိပညာပေးအကြောင်းအရာများဖြစ်သည်။

③အလုပ်အတွက်ကူညီပေးမှုအပိုင်းတွင်ကိုယ်ရေးရာဇဝင်ရေးနည်းနှင့်လူတွေ့စစ်ဆေးခြင်းအကြောင်းအရာအားလေ့ကျင့်ပေးခြင်းလုပ်ငန်းခွင်သွားရောက်လေ့လာနိုင်ရန်စီစဉ်ပေးခြင်းနှင့်အလုပ်ဝင်ပြီးနောက်တွင်လည်းအခြေကျပြုလုပ်နိုင်ရန်လမ်းညွှန်မှုများပြုလုပ်ပေးသည် ။ ထို့ပြင် ဂျပန်နိုင်ငံ၏ယဉ်ကျေးမှု ဓလေ့ထုံးစံ များမှတဆင့် ဒေသခံ နေထိုင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံနိုင်မည့်အစီအစဉ်များအားလည်း စီစဉ်ဆောင်ရွက်ပေးသည် ။

# သင်တန်း အစီအစဉ်

5 7 2 ချိန်ရှိသော ဂျပန်ဘာသာသင်ကြားပို့ချခြင်းနှင့် 1 2 0 ချိန်ရှိသော နေထိုင်မှုလမ်းညွှန် စုစုပေါင်း 6 9 2 ချိန်ရှိသော သင်တန်းဖြစ်သည် ။ （1 ချိန်စာသင်ကြားချိန်＝ 4 5 မိနစ်။တတိယနိုင်ငံသို့အခြေချနေထိုင်သူများအတွက်ခြောက်လတာသင်တန်း （နေ့အချိန်）（အစောပိုင်း ကာလသင်တန်း ／နှောင်းပိုင်း ကာလသင်တန်း ） များဖြစ်သည်။

ကွန်ဖေးရှင်းဒုက္ခသည်နှင့်ထိုမိသားစု၊ဖြည့်စွက်ကူညီပံ့ပိုးပေးရန်လိုအပ်သူနှင့် ထိုမိသားစုအတွက်မှာ ခြောက်လသင်တန်း （နေ့အချိန်）（အစောပိုင်းကာ လ／နှောင်းပိုင်း ကာလ） သို့တည်းမဟုတ် 1 နှစ်သင်တန်း （ညပိုင်းအချိန် ） အားရွေးချယ်နိုင်ပါသည် ။

| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖေါ်ဝါရီ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ကွန်ဖေးရှင်းဒုက္ခသည်၊ ဖြည့်စွက်ကာကွယ်စောင့်ရှောက်ပေးရန်အကျုံးဝင်သူ (ခြောက်လတာသင်တန်း)** | （အစောပိုင်း） တနင်္လာ～သောကြာ 9:30～15:50 | | | | | | （နှောင်းပိုင်း） တနင်္လာ～သောကြာ 9:30～15:50 | | | | | |
| ကွန်ဖေးရှင်းဒုက္ခသည် **ဖြည့်စွက်ကာကွယ်စောင့်ရှောက်ပေးရန်အကျုံဝင်းသူ** (1နှစ်တာသင်တန်း) | တနင်္လာ～သောကြာ 18:30～20:55 | | | | | | | | | | | |
| တတိယနိုင်ငံသို့ **အခြေချနေထိုင်သူ**ဒုက္ခသည် (ခြောက်လတာသင်တန်း) | （အစောပိုင်း） တနင်္လာ～သောကြာ 9:30～15:50 | | | | | | （နှောင်းပိုင်း） တနင်္လာ～သောကြာ 9:30～15:50 | | | | | |

## အခြေချနေထိုင်ရေးအတွက် အထောက်အကူပြုအစီအစဉ်သင်တန်းတွင် တက်ရောက်ခဲ့ပါက ရရှိနိုင်မည့်ထောက်ပံ့ကြေးငွေ

သင်တန်းတက်နေစဉ်ကာလအတွင်းသင်တန်းသားအားနေထိုင်စားသောက်စရိတ်၊အိမ်လခ၊ ဆေးဝါးကုသစရိတ်အားထောက်ပံ့ပေးပါမည် ။

| | |
|---|---|
| **နေထိုင်စားသောက်စရိတ်**<br>**(စားဝတ်နေထိုင်ရေးအတွက်စရိတ်)**<br>**※အကြောင်းအရာပေါ်မူတည်ပြီး မရရှိနိုင်သည့် အခါလည်းရှိသည်။** | လူကြီး (12နှစ် မှ စပြီး)<br>1 ရက် 2,400ယန်း (သင်တန်းတက်နေစဉ်ကာလအတွင်း)<br>※သို့သော်လည်းရေမီးဂက်စ်ဖိုး မိမိဘာသာ ပေးဆောင်သည့် အခါများတွင်သာအကျုံးဝင်သည် ၊ တစ်ဖန် တစ်မိသားစုအတွင်း နှစ်ယောက်မြောက်မှစပြီး လူကြီး 1600ယန်းထောက်ပံ့ပေးသည်။<br>ကလေး (11နှစ်အထိ) [1]<br>1ရက် 1,200ယန်း (သင်တန်းတက်နေစဉ်ကာလအတွင်း)<br>※ညပိုင်းသင်တန်းတက်သူမှာ တစ်ရက်လျှင်အထက်ဖော်ပြပါ အတိုင်းတစ်ဝက်သာ ရရှိမည် ဖြစ်သော်လည်း တနှစ်တာ ရရှိနိုင်မည် ဖြစ်သည်။ |
| **ဆေးဝါးကုသစရိတ်**<br>**(ဖျားနာခြင်းနှင့်ထိခိုက်ဒဏ်ရာ ရသည့် အခါ ကုသစရိတ်)** | သင်တန်းတက်နေစဉ်ကာလအတွင်းဆေးရုံဆေးခန်းနှင့်ဆေးဝါးကုသစရိတ်များမှာပေးဆောင်ပေးမည်ဖြစ်သည်။<br>ရောဂါမဟုတ်သောမိမိသဘောဖြင့်ပြုသောကုန်ကျစရိတ်နှင့်ကာကွယ်ဆေးများအတွက် မပါဝင်ပါ။<br>( သို့သော်လည်း ဆေးဝါးကုသစရိတ်အတွက် များစွာ ပေးဆောင်ရမည့် အနေအထားရှိပါက RHQကူညီ ပံ့ပိုးပေးရေး စင်တာသို့ ကြိုတင်ပြီး ဆွေးနွေးတိုင်ပင်ပါ ။( သင်တန်း တက်သူ အားလုံး မိမိ၏ ငွေဖြင့် ကျန်းမာရေးအာမခံသို့ ဝင်ထားရမည် ဖြစ်သည် ) ။ |
| **အိမ်လခ**<br>**(နေထိုင်မှု အတွက် အိမ်ခန်းခ)** | ထောက်ပံ့ပေးမည့် အိမ်လခမှာ ကန့်သတ်ချက်ရှိသည် ။ ထောက်ပံ့ပေးမည့်ငွေသည် အိမ်လခ နှင့်နေထိုင်မည့် လူဦးရေ ပေါ်မူတည်ပြီး ကွဲပြားခြားနားမှုရှိသည်။ ထို့အပြင် အိမ်လခမဟုတ်သော အခြားကုန်ကျစရိတ်မှာ ထောက်ပံ့ပေးမည် မဟုတ်ပါ ။ |
| **အခြေချနေထိုင်မှုအတွက် ထောက်ပံ့ခြင်း**<br>**(အခြေချနေထိုင်မှု အစပျိုးရန်ကြိုတင်ပြင်ဆင်မှုများ အတွက် )** | လူကြီး (16နှစ်မှစပြီး)<br>156,900ယန်း<br>ကလေး (15နှစ်အထိ)<br>78,450ယန်း<br>※အခြေချနေထိုင်မှုအတွက် သင်တန်းအစီအစဉ် ပြီးဆုံးချိန် တစ်ကြိမ်သာ ရရှိမည် ဖြစ်သည် ။ |

[1] ကျောင်းမတက်ရသေးသည့် ကလေးငယ်ရှိသူအတွက်သာ လျှောက်လွှာဖောင်လက်ခံပေးသည်။

## အလုပ်အကိုင် တိုးတက်လုပ်ကိုင်နိုင်ရန်ထောက်ပံ့ကြေးငွေ ※ 3

အလုပ် လုပ်ရန် ဆန္ဒရှိသောသင်တန်းသားအတွက် အလုပ်အကိုင်အတွက် ပံ့ပိုးသော ထောက်ပံ့ကြေးငွေရှိသည် ။

| | |
|---|---|
| **အလုပ်လေ့ကျင့်ရေးထောက်ပံ့ငွေ**<br>**(လုပ်ငန်းခွင်အတွက်လေ့ကျင့်သင်တန်းသား ဒုက္ခသည် အားထောက်ပံ့ပေးခြင်း)**<br>**ကာလ : 6 လတာ ခန့်** | အခြေခံထောက်ပံ့ကြေး<br>1ရက် 3,580ယန်း ~4,400ယန်း (အလုပ်သင် သင်တန်းသား၏နေထိုင်မည့် နေရာဒေသပေါ်မူတည်ပြီး)<br>အလုပ် သင်တန်းတက်သည့်နေ့<br>1ရက် 500ယန်း |

| | |
|---|---|
| | လမ်းစရိတ်  ကျသလောက်  သာထောက်ပံ့ပေးမည် ။ |
| လုပ်ငန်းခွင်နှင့်လိုက်လျောညီထွေမှုဖြစ်ရန်လေ့ကျင့်ပေးခ<br>①ပုံမှန်လေ့ကျင့်ပေးခြင်း : လေ့ကျင့်သင်ကြားပေးမည့်လုပ်ငန်းပိုင်ရှင် သို့ပေးသည့်လေ့ကျင့်ပေးခ<br>②အထူးသင်ကြားလေ့ကျင့်ပေးခြင်း : အထက်ဖော်ပြပါ နှင့်အတူ တတိယနိုင်ငံသို့အခြေချနေထိုင်သည့် ဒုက္ခသည် နှစ်ဦးနှင့်အထက် အဖွဲ့လိုက်လေ့ကျင့် သင်ကြားပေးသည့်လုပ်ငန်းပိုင်ရှင် သို့ပေးသည့် လေ့ကျင့်ပေးခ | ①တစ်လ（21ရက်နှင့်အထက်）　25,000ယန်း<br>②တစ်လ　(8ရက်နှင့်အထက်）　25,000ယန်း |
| အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့ကြေး※1<br>(တတိယနိုင်ငံသို့အခြေချနေထိုင်သည့် ဒုက္ခသည် အား အလုပ်ခန့်သည့် ကုမ္ပဏီသို့ထောက်ပံ့ကြေး)<br>ကာလ : 1နှစ်တာ | လုပ်ခလစာ　(ဘောနပ်စ်မပါ）၏ 1/3<br>※ကုမ္ပဏီကြီး ဖြစ်ခဲ့လျှင် 1/4 |
| ဒေသန္တရ အလုပ်အကိုင်ရှာဖွေရေးအတွက် ပံ့ပိုးငွေ | သတ်မှတ်ချက်ပေါ်မူတည်သည့်  ခရီးစရိတ်နှင့် တည်းခိုခ |
| အလုပ်အကိုင်လက်တွေ့လေ့ကျင့်သင်ယူခြင်း<br>(သင်ကြားမှုအားပြုလုပ်ပေးမည့် လုပ်ငန်းပိုင်ရှင်သို့ သင်ကြားပို့ချမှုစရိတ်) | တစ်လ（21ရက်နှင့်အထက်）　25,000ယန်း |
| ပြောင်းရွှေ့မှုအတွက်ထောက်ပံ့ကြေး※2 | သတ်မှတ်ထားချက်ပေါ်မူတည်ပြီး ခရီးစရိတ်<br>ရောက်ရှိပြီးနောက် ထုတ်ပေးမည်<br>လူလွတ်　12,700ယန်း<br>မိသားစု　25,400 ယန်း<br>အိမ်ပြောင်းရွှေ့ခ（အကွာအဝေးပေါ်မူတည်ပြီး）<br>လူလွတ် 31,000ယန်း ～94,000ယန်း<br>မိသားစု　62,000ယန်း ～188,000ယန်း |

※1 လုပ်ငန်းခွင် နှင့် လိုက်လျောညီထွေစေမည့်  လေ့ကျင့်ရေး စရိတ်နှင့် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီစရိတ်မှာ  နှစ်မျိုးစလုံးပံ့ပိုးပေးခြင်းမပြုပါ။

※2　အဆောင်တွင် နေထိုင်သူများအတွက်သာ အကျုံးဝင်သည်

※3　ဖြည့်စွက်ကူညီပံ့ပိုးပေးနေသည့် သူများအတွက် မှာ ထောက်ပံ့ပေးခြင်း မပြုပါ ။